# ငွေ၆၀ (မြို့တော်စည်ပင်)

# စည်ပင်သာယာရေး စီမံခန့်ခွဲမှုပညာ အကြောင်း သိကောင်းစရာ



# အမှာစာ

စည်ပင်သာယာ စီမံခန့်ခွဲမှုပညာနှင့် ပတ်သက်သည့် အုပ်စာတမ်းများကို စာအုပ်ဆိုင်၊ စာကြည့်တိုက်များတွင် ရှာဖွေကြည့်သောအခါ မတွေ့ခဲ့ရပါ။ အသေအချာမရှာဖွေခြင်းလည်း ဖြစ်နိုင်ပါ သည်။ တစ်နေ့တွင် လမ်းဘေးစာအုပ်ဆိုင်တွင် United Nations Commission on Human Settlement မှ ထုတ်ဝေသော Improvement of Municipal Management စာတမ်းဖြစ်သည့် မြူနီစီပယ်လုပ်ငန်းစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်ရေးဆိုသော ဘာသာပြန် လက်နှိပ်စက်မူ စာအုပ် တစ်အုပ်ကို တွေ့ရှိသဖြင့် ဝယ်ယူ၍ ဖတ်ကြည့်ခဲ့ပါသည်။ ယင်းစာတမ်းပါ အချက်အလက်များသည် ကျွန်တော်တို့ကဲ့သို့ စည်ပင်သာယာတွင် တာဝန်ထမ်းဆောင်နေကြသော တစ်စုံတစ်ရာအကျိုးကျေးဇူး ရှိနိုင်ကြောင်း တွေးမိသဖြင့် ယင်းစာတမ်းပါ အချက်အလက်များကို ကောက်နုတ်ပြီး ကိုယ်တွေ့နှင့် ရော၍ ရေးသားထားပါသည်။ အခြားစည်ပင်သာယာနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများမှ ကောင်းနိုးရာရာများကို ကောက်နုတ်ထည့် သွင်းဖော်ပြထားပါသည်။ စည်ပင်သာယာစီမံခန့်ခွဲရာတွင် ဝန်ထမ်းများကို စီမံခန့်ခွဲရသဖြင့် စီမံခန့်ခွဲမှုပညာနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို လေ့လာရသမျှ ကောက်နုတ်ဖော်ပြထားပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော အချက်များသည် သက်ဆိုင်သည့် စာအုပ်များ ကောက်နုတ်ဖော်ပြချက်များနှင့် အတွေ့အကြုံများကို ရေးသားဖော်ပြ ထားသဖြင့် ဟင်းအမယ်များသာ ဖြစ်ပါသည်။ ကြက်သားဟင်းချက်ရာတွင် ကြက်သား၊ ဆား၊ နနွင်းမှုန့်၊ ငရုတ်သီး၊ ကြက်သွန် စသည်များကို စုပေါင်းထားပါက စား၍ မရသေးဘဲ အရသာမရှိပါ။

ယင်းဟင်းအမယ်စုစုပေါင်း ကို ချက်ပြီးမှသာ အရသာရှိသော ဟင်းအဖြစ်ကို ရောက်၍ စားရာတွင် အရသာရှိမည်ဖြစ်သကဲ့သို့ ဤစာအုပ်မှရရှိသော အသိအမြင်ဗဟုသုတအား ကိုယ်ပိုင်စွမ်းအင် အသိဉာဏ်ပညာအဖြစ်ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်မှသာ စီမံခန့်ခွဲမှု အောင်မြင်မည် ဖြစ်ပါသည်။ ဤစာအုပ်သည် မြို့တော်သူ မြို့တော်သားများ မြို့ရွာကျေးလက်နေ ပြည်သူပြည်သားများ၏ စည်ပင်သာယာမှုကို အတိုင်းအတာတစ်ရပ်အနေဖြင့် အကျိုးပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်နေကြသော စည်ပင်သာယာအရာထမ်းများ အမှုထမ်းများသည် ဤစာအုပ်မှ ရရှိသော အချက်အလက်များအပေါ် အခြေခံ၍ မိမိမြို့တော်၊ မြို့နယ်၊ မြို့၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ကြီးပွားရေး၊ စည်ပင်သာယာမှုကို ပို၍ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စီမံခန့်ခွဲမှုပညာနှင့် ပတ်သက်၍ ဆရာနေဝင်းမောင်၏ ဆက်ဆံရေးအနုပညာ၊ ဆရာကိုတာ၏ ရယ်ရွှင်ဖွယ်နှင့် အခြားစာတမ်းများ၊ ဆရာမြသန်းတင့်၏ ဘဝနေနည်းအနုပညာစာအုပ်များကို အဓိက ထား ကိုးကား ကောက်နုတ်ဖော်ပြထားပါသည်။ အခြားစီမံခန့်ခွဲမှု ပညာရှင်များ၏ စာအုပ်များမှလည်း ကောင်းနိုးရာရာကို ရွေးချယ်ဖော်ပြထားပါသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် ကိုယ်တိုင်ကြုံတွေ့ရခြင်းများ ထည့်သွင်းဖော်ပြထားပါသည်။ ဝန်ထမ်းများအနေဖြင့် စည်ပင်သာယာစီမံ ခန့်ခွဲမှုပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များကို စည်ပင်သာယာစီမံခန့်ခွဲမှုပညာနှင့် စီမံခန့်ခွဲမှုပညာများကို သိရှိခဲ့လျှင် လုပ်ငန်းများကို စီမံကွပ်ကဲရာတွင် အမှားအမှန်ကို သိရှိပြီး မှန်သည်များကိုသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အရည်အချင်းပြည့်ဝသော စီမံခန့်ခွဲမှုရှိမှသာလျှင် ကိုယ်တိုင်လည်း တိုးတက်အောင်မြင်ပြီး ရုံးဌာနအဖွဲ့အစည်းလည်း တိုးတက်အောင်မြင်မည်

ဖြစ်ပါသည်။ ဤစာအုပ်မှ ရရှိသော စည်ပင်သာယာ စီမံခန့်ခွဲမှုနည်းများနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ စာအုပ်စာတမ်းများကို စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာသင်ယူလျက် နိုင်ငံတော်အကျိုး၊ ရုံးဌာနအဖွဲ့အစည်းအကျိုး၊ မိမိအကျိုးရှိရာများကို ဆောင်ရွက်သွားကြပါနှင့် တင်ပြအပ်ပါသည်။

**ဌေးဝေ (မြို့တော်စည်ပင်)**

*

# နိဒါန်း

စီမံခန့်ခွဲမှုပညာ(Management) သည် ရုံး၊ ဌာန၊ အဖွဲ့အစည်းတစ်ခု အောင်မြင်ရန်အတွက် အရေးကြီးကြောင်း ဝန်ထမ်းအများစုက သတိမထားမိကြပါ။ ဝန်ထမ်းတစ်ယောက်အောင်မြင်ကြီးပွား ရာထူးတိုးမြှင့်ရန်အတွက် သက်ဆိုင်သည့် စီမံခန့်ခွဲမှုပညာကို သိရှိထားပြီး ဆောင်ရွက်တတ်လျှင် အကျိုးကျေးဇူးရှိမည်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုပညာကို ရာနှုန်းပြည့်သင်ယူပြီး တတ်မြောက်နိုင်ပါသလား? သင်ယူပြီး တတ်မြောက်လျှင် စီမံခန့်ခွဲမှုပညာသည် အတတ်ပညာတစ်ခု ဖြစ်ပါလိမ့်မည်။ ရာခိုင်နှုန်း ပြည့် သင်ယူမတတ်မြောက်နိုင်သော ပညာဖြစ်လျှင် စီမံခန့်ခွဲမှုပညာသည် အနုပညာတစ်ရပ်သာ ဖြစ်ပါ လိမ့်မည်။ ဝန်ထမ်းလုပ်သက်တစ်လျှောက် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အတွေ့အကြုံအရ ခြုံငုံသုံးသပ်ရ လျှင် စီမံခန့်ခွဲမှုပညာသည် ရာခိုင်နှုန်းပြည့် သင်ကြားတတ်မြောက်နိုင်သော ပညာရပ်မဟုတ်နိုင် ကြောင်း တွေ့ခဲ့ရပါသည်။ ဤအချက်အရဆိုလျှင် စီမံခန့်ခွဲမှုအတတ်ပညာမဟုတ်ဘဲ စီမံခန့်ခွဲမှု အနုပညာဟု ယူဆရပါမည်။ အနုပညာဟုဆိုလျှင် ရုပ်ရှင်၊ ဂီတ၊ ဇာတ်ပွဲ၊ စာရေးခြင်း၊ ပန်းချီဆွဲခြင်း၊ ပန်းပုထုခြင်း စသည်များကိုသာ မြင်မိကြမှာဖြစ်ပါသည်။ ယင်းအနုပညာနှင့် စီမံခန့်ခွဲမှုအနုပညာတို့ မတူညီကြပါ။ စီမံခန့်ခွဲမှုအနုပညာ၏ အဓိကအချက်မှာ လက်တွေ့ကျရန်အတွက် အလွန်အရေးကြီး ကြောင်း အတွေ့အကြုံအရ တွေ့ရှိခဲ့ပါသည်။ လက်တွေ့ကျသည့်အတွက် အတတ်ပညာသဘော လည်း စီမံခန့်ခွဲမှုပညာထဲတွင် ပါဝင်နေခြင်းကို တွေ့ရပါသည်။ ထို့အပြင်

စီမံခန့်ခွဲမှုပညာကို ကိုယ်တိုင် လက်တွေ့ကျင့်သုံးမှုအရ ဆင်ခြင်သုံးသပ်ရလျှင် လုပ်ဆောင်မှုနှင့် အသုံးချမှု (Action and Application) ပါဝင်နေသဖြင့် နည်းပညာအဖြစ် တွေ့မြင်ရပါသည်။ ထိုအချက်များအရ စီမံခန့်ခွဲမှုပညာ သည် အနုပညာ၊ အတတ်ပညာနှင့် နည်းပညာသုံးမျိုး အကြုံးဝင်နေခြင်းကို တွေ့ရမှာ ဖြစ်ပါသည်။ ယခု တာဝန်ထမ်းဆောင်နေသော လုပ်ငန်းခွင်မှာဖြစ်စေ၊ ရုံး၊ ဌာနများတွင်ဖြစ်စေ၊ အနီးပတ်ဝန်းကျင် နေရာများရှိ လူမှုရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင်ဖြစ်စေ၊ စီမံခန့်ခွဲနေသူများကို တွေ့မြင်ရမှာ ဖြစ်ပါသည်။ ထိုသို့ စီမံခန့်ခွဲမှုတွင် မအောင်မြင်မှုများကို ကြုံတွေ့ဖူးကြပါမည်။ ရုံး၊ ဌာန၊ လုပ်ငန်းခွင်၊ စီမံကိန်း၊ လူမှုရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများတွင် မအောင်မြင်ရသော အဓိကအချက်မှာ စီမံခန့်ခွဲ မှုပညာကို နားမလည် မတတ်ကျွမ်းခြင်းကြောင့်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအကြောင်းသိမှ လက်တွေ့ ကျကျ ဆောင်ရွက်စီမံနိုင်ပြီး အောင်မြင်မှာ ဖြစ်ပါသည်။ ခေါင်းဆောင်ဌာနအကြီးအကဲ၊ ရုံးအကြီးအကဲ၊ စက်ရုံမှူး၊ အလုပ်ရုံမှူး၊ စီမံကိန်းမန်နေဂျာနှင့် ဦးဆောင်မှုပေးနေသူများသည် စီမံခန့်ခွဲသောနေရာတွင် ရှင်းရှင်းနှင့်ပြတ်ပြတ်မြင်ပြီး ဆောင်ရွက်တတ်ရန် အရေးကြီးကြောင်း တွေ့ရပါသည်။ မအောင်မြင် သော စီမံခန့်ခွဲသူများကို စောင့်ကြည့်လေ့လာကြည့်စေချင်ပါသည်။ မအောင်မြင်သောသူများသည် ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ရာတွင် ရှင်းရှင်းလင်းလင်းမြင်ပြီး ပြတ်ပြတ်သားသား မလုပ်နိုင်၊ မဆုံး ဖြတ်နိုင်ခြင်းများကို တွေ့ရမှာ ဖြစ်ပါသည်။ မအောင်မြင်သောသူများတွင် ဒီအချက်အားနည်းနေတာကို တွေ့ရမှာဖြစ်ပါသည်။ စီမံခန့်ခွဲမှုပညာ သဘောသဘာဝများကို လေ့လာထားပြီးသူများသည် ထိုလိုအပ်ချက်များကို ရှောင်သွားနိုင်ပါသည်။

စီမံခန့်ခွဲမှုပညာနှင့် ပတ်သက်သောစာအုပ်များစွာရှိသော်လည်း စည်ပင်သာယာ စီမံခန့်ခွဲမှု ပညာနှင့် ပတ်သက်၍ လေ့လာလိုသဖြင့် ရန်ကုန်မြို့ရှိ

စာအုပ်ဆိုင်များ၊ စာအုပ်အဟောင်းရောင်းသော ဆိုင်များ၊ စာအုပ်ဈေးပွဲတော်များ၊ စာကြည့်တိုက်များ၊ ရောက်ခဲ့သမျှ မြန်မာနိုင်ငံအနှံ့ မြို့များရှိ စာအုပ် ဆိုင်များတွင် ၁၀ နှစ်ကျော် ရှာဖွေခဲ့သော်လည်း စာအုပ်တစ်အုပ်မျှ မတွေ့ခဲ့ပေ။

စည်ပင်သာယာခန့်ခွဲ မှုပညာသည် မြို့တော်တစ်ခု၊ မြို့တစ်မြို့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးကြောင်း သတိပြုမိသဖြင့် လေ့လာလိုခြင်း ဖြစ်ပါသည်။ လွန်ခဲ့သော ၈ လခန့် ပန်းဆိုးတန်းလမ်းရှိ လမ်းဘေး စာအုပ်ပုံတစ်ခုတွင် လိုချင်သောစာအုပ်ကို ရှာဖွေရင်း မြူနီစီပယ်လုပ်ငန်းစီမံခန့်ခွဲမှု တိုးတက်ကောင်း မွန်ရေး ဘာသာပြန်စာတမ်းလက်နှိပ်စက်မူ စာအုပ်တစ်အုပ်ကို တွေ့ခဲ့ပါသည်။ ထိုစာတမ်းကို ဂမ်းသာ အားရဖြင့် ဝယ်ယူပြီး လေ့လာဖတ်ရှုခဲ့ပါသည်။ ထိုစာတမ်းပါ အချက်အလက်များကို ဖတ်ပြီး ဆင်ခြင် စဉ်းစားရင်း အတွေးသစ်တစ်ခုကို ရရှိခဲ့ပါသည်။ ထိုအတွေးမှာ စည်ပင်သာယာလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများသည် ဒီစာအုပ်ထဲမှ တချို့အချက်များကို သိရှိပြီး လုပ်ငန်း ဆောင်ရွက်လျှင် တစ်စုံတရာ အကျိုးရှိနိုင်မည်ဟု ယုံကြည်မိခြင်း ဖြစ်ပါသည်။ ထိုယုံကြည်ချက်ဖြင့် ထို စာတမ်းပါ အချက်အလက်အချို့ကို အခြေခံ၍ စည်ပင်သာယာ စီမံခန့်ခွဲမှုပညာကို ရေးသားထားပါ သည်။ နောင်တွင် သက်ဆိုင်ရာပညာရှင်များက တိကျမှန်ကန်သော စာအုပ်များရေးသားလာမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်း အတော်များများတို့သည် စည်ပင်သာယာ စီမံခန့်ခွဲမှုပညာရှိကြောင်း သတိမထားမိကြပါ။ ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေခြင်းသည် စည်ပင်သာယာ စီမံခန့်ခွဲနေခြင်းဟု တချို့က မသိကြချေ။ စည်ပင် သာယာစီမံခန့်ခွဲပညာအကြောင်း သိရှိထားလျှင် ဌာန၊ ရုံး၊ လုပ်ငန်းများအတွက် အကျိုးတစ်စုံတရာ ရမည်ဟု ယုံကြည်မိပါသည်။ စည်ပင်သာယာအဓိပ္ပာယ်ကို သိလိုသဖြင့် ရှာကြည့်ရာ မြန်မာအဘိဓာတ် တွင်

စည်ပင်သာယာရေးဆိုသည်မှာ မြို့နယ်အပိုင်းအခြားတစ်ခု၏ စည်ပင်သာယာမှုကို စီမံခန့်ခွဲ ရသော အုပ်ချုပ်ရေးဟု အဓိပ္ပာယ်ဆိုထားပါသည်။ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်အတွက်ဆို လျှင် မြို့တော်တစ်ခုလုံး၏ စည်ပင်သာယာရေးကို စီမံခန့်ခွဲရသော အုပ်ချုပ်ရေးဖြစ်ပါသည်။ မြို့နယ်နှင့် မြို့များအတွက်ဆိုလျှင်လည်း ထိုအဓိပ္ပာယ်ပင် ဖြစ်ပါသည်။ ယခင်က စည်ပင်သာယာရေး ကော်မတီ၊ စည်ပင်သာယာရေးအဖွဲ့များကို မြူနီစီပယ် (Municipal) ဟု ခေါ်ခဲ့ပါသည်။ မြူနီစီပယ်ကိုလည်း စည်ပင်သာယာဟု အဓိပ္ပာယ်ပြန်ဆိုထားကြောင်း မြန်မာအဘိဓာန်ထဲတွင် တွေ့ရပါသည်။ မြို့တော် စည်ပင် သာယာရေးကော်မတီများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တိကျသောအုပ်ချုပ် ရေးစနစ် ရှိရပါသည်။ မြို့တော်နှင့်မြို့၏ အုပ်ချုပ်မှုအသွင်သဏ္ဌာန်ကို ပိုမိုပေါ်လွင်ရန် ဖော်ဆောင်ပေး ရပါသည်။ စီမံအုပ်ချုပ်ရန်အတွက် ခန့်အပ်ခြင်းခံရသော ကော်မတီက အုပ်ချုပ်ပါသည်။ ကော်မတီ၏ အထက်တွင် ကွပ်ကဲသောအဖွဲ့လည်း ရှိပါသည်။ စည်ပင်သာယာရေးလုပ်ငန်းများကို စီမံအုပ်ချုပ် သော ကော်မတီသည် ယင်းအောက်တွင်ရှိသော ရုံး၊ ဌာနများကို စီမံခန့်ခွဲရာတွင်သာမကဘဲ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း နေထိုင်နေကြသူများ၏ ပါဝင်လှုပ်ရှားမှုများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စည်းကမ်းတကျဖွဲ့စည်းထားခြင်းမရှိသော အဖွဲ့အစည်းများ၊ လူ့အဖွဲ့ အစည်းကို အခြေခံသောအဖွဲ့အစည်းများနှင့် နယ်နိမိတ်အတွင်း နေထိုင်သူတစ်ဦးချင်းတို့၏ လူ့ကျင့်ဝတ်ဆိုင်ရာနှင့်အဖွဲ့အစည်းဆိုင်ရာအားလုံး ပါဝင်ခြင်းကို သတိပြုရမှာ ဖြစ်ပါသည်။ မြို့တော်နှင့် မြို့ တော်ပတ်ဝန်းကျင်ဒေသများသည် ကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာများ ဖြန့်ဖြူးမှု စက်မှုလက်မှုလုပ် ငန်းများတည်ရှိမှု၊ ရောင်းဝယ်မှု၊ ကုန်ဖလှယ်မှုနှင့် စားသုံးမှုများ၏ လှုပ်ရှားပြောင်းလဲရာ အချက်အချာ နေရာများဖြစ်ပါသည်။ နိုင်ငံတော်၏ မနုဿစွာအများအပြားစုဝေးရာလည်း ဖြစ်ပါသည်။ စက်မှုလက်မှု နည်းပညာနှင့်

ဝန်ဆောင်မှုများအတွက် အလုပ်အကိုင်ကိုလည်း ဖော်ဆောင်အပေးဆုံးနေရာလည်း ဖြစ်ပါသည်။ ကြီးမားသော ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ခေတ်မီနည်းပညာလုပ်ငန်းများ ရင်းနှီး မြှုပ်နှံမှုပြုလုပ်သော နေရာလည်း ဖြစ်ပါသည်။ မြို့တော်၊ မြို့နယ်စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ သည် စည်ပင်သာယာစီမံခန့်ခွဲမှုပင် ဖြစ်သည်။

စည်ပင်သာယာစီမံခန့်ခွဲမှုဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်နည်းဖြစ်ပြီး ချက်ချင်းဆောင်ရွက်ရ မည့်လုပ်ငန်းနှင့် ရေရှည်စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်ပါသည်။ ရန်ကုန်မြို့ တော်စည်ပင်သာယာရေးကော်မတီတွင် နှစ်ရှည်စီမံကိန်းအဖြစ် နှစ် ၃၀ စီမံကိန်းရေးဆွဲဆောင်ရွက် လျက်ရှိပါသည်။ နှစ်တိုစီမံကိန်းအဖြစ် လေးနှစ်စီမံကိန်း ရေးဆွဲဆောင်ရွက်ပါသည်။ ယင်းလေးနှစ် စီမံ ကိန်းကို ဘဏ္ဍာရေးနှင့်အလိုက် တစ်နှစ်ချင်းအတွက် စီမံကိန်းရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုအချက်များအပြင် ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ သဘောတူညီချက်ရရှိရန် ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော စနစ်ကျမှုနှင့် ပုံစံကျမှုရှိခြင်း၊ မြို့နယ်အလိုက် စည်ပင်သာယာနယ် မြေများကို ခေတ်မီတိုးတက်သန့်ရှင်းသာယာလှပရေးနှင့် အဘက်ဘက်တိုးတက်အောင် ဆောင်ရွက် ခြင်းတို့ ပါဝင်ပါသည်။ မြို့နယ်များ၊ မြို့များ၊ ရပ်ကွက်များ၊ ကျေးရွာများတွင် နေထိုင်သူများ၏ သက်သာချောင်ချိမှုနှင့် စိတ်ချမ်းသာမှုရရှိရေးအတွက် လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအား ကူညီ ဆောင်ရွက်ပေးခြင်း၊ သန့်ရှင်းသာယာလှပရေးအတွက် တည်ဆောက်ထားသော အရာများ ရေရှည် တည်တံ့ခိုင်မြဲရန်အတွက် ကူညီပံ့ပိုးပေးခြင်းများလည်း ပါဝင်မှာ ဖြစ်ပါသည်။ ယင်းတို့မှာ ဘိုးဘွား ရိပ်သာများ၊ မျက်မမြင်ကျောင်းများ၊ ဆွံ့အနားမကြားကျောင်းများ၊ မိဘမဲ့ကလေးဂေဟာများ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများအတွက် လိုအပ်နေသော အဆောက်အအုံ၊ စာအုပ်စာတမ်း၊

စာရေးကိရိယာများကူညီခြင်း၊ ပန်းခြံများ တည်ဆောက်ပေးခြင်းများ၊ အားကစားကွင်း များ တည်ဆောက်ပေးခြင်းများ၊ ကလေးကစားကွင်းများ တည်ဆောက်ပေးခြင်းများ၊ လမ်းနှင့်တံတား များ တည်ဆောက်ပေးခြင်းများနှင့် ရေတွင်းရေကန် အဝီစိများ တူးဖော်တည်ဆောက်ပေးခြင်းများ စသည်တို့ ဖြစ်ပါသည်။

စည်ပင်သာယာ စီမံခန့်ခွဲမှု၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မြို့တော်၊ မြို့နယ်အတွင်းနေ လူအားလုံး၏ စားဝတ်နေမှုအဆင်ပြေရေး၊ အလုပ် အကိုင်ရရှိရေး၊ အလုပ်အကိုင်တိုးတက်ရန်နှင့် အထူးသဖြင့် ဆင်းရဲနွမ်းပါးသူတို့၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးပြီး နေထိုင်သူများ၏ ရပိုင်ခွင့်နှင့် အကျိုးကျေးဇူးများကို ကာကွယ်စောင့်ရှောက်ပေးရန်။

(၂) လူမှုရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ရေရှည်တည်တံ့ရေးအတွက် မြှင့်တင် ဆောင်ရွက်ပေးရန်။

(၃) ရပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကို တိုးချဲ့ပေးရန်နှင့် ကာကွယ်စောင့်ရှောက်ပေးရန်တို့ ဖြစ်ပါသည်။

ရည်မှန်းချက် သုံးချက်သည် တစ်ချက်နှင့်တစ်ချက် ဆက်စပ်နေခြင်းကို တွေ့ရမှာဖြစ်ပါသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရင်းနှီးမြှုပ်နှံမှုများ အလုပ်အကိုင်များ ဝင်ငွေရရှိမှုလုပ်ငန်းများကို မြှင့်တင်ပေးရမည်။ မရှိသေးပါက နောင်တဖြည်းဖြည်း နှင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားရမှာဖြစ်ပါသည်။ မြို့တော်နှင့်မြို့နယ်များတွင် နေထိုင်သူများ၏ ကျန်းမာရေးကောင်းမွန်ရန် ဆောင်ရွက်ရမှာဖြစ်ပါသည်။

ပြည်သူလူထုကျန်းမာရေးမကောင်းပါက နိုင်ငံ ၏
စီးပွားရေးတိုးတက်နှုန်းကျဆင်းနိုင်ကြောင်း သတိပြုရမှာက ဖြစ်သည်။
မြို့တော်တစ်ခုလုံး၊ မြို့နယ် တစ်ခုလုံး တိုးတက်ရန်အတွက်
အဓိကလိုအပ်ချက်များဖြစ်သော ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်း
မာရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေခြင်းကိုတွေ့ရပါသည်။
အဓိကအကျဆုံးမှာ ပညာရေး ဖြစ်ပြီး ပညာရေးကောင်းမှသာလျှင်
စီးပွားရေးကောင်းမှာဖြစ်ပါသည်။ စီးပွားရေးကိုမှီ၍ လူမှုရေး၊ ကျန်း မာရေး၊
ယဉ်ကျေးမှုစသည်များ တိုးတက်လာမည်ဖြစ်ပါသည်။ ပညာရေးအဓိကကျရခြင်းမှာ
တိုးတက် လာမည်ဖြစ်ပါသည်။ ပညာရေးအဓိကကျရခြင်းမှာ စက်မှုလုပ်ငန်းများ။
နည်းပညာရပ်များ၊ တီထွင် ကြံဆမှုများသည် ပညာရေးအပေါ်အခြေခံ၍
ဖြစ်ပါသည်။ မြို့တော်နှင့်မြို့နယ်များမှာရှိသော အရင်း အမြစ်တွင်
အလေအလွင့်များရှိရာ လောင်စာနှင့်ရေတို့တွင် အများဆုံးဖြစ်ကြောင်း
တွေ့ရှိရပါသည်။ ထိုအလေအလွင့်များ နည်းပါးရန် အသုံးချနည်းများကို
ကူညီသင်ကြားပေးခြင်း၊ စည်းကမ်းသတ်မှတ် ခြင်း၊
မြို့တော်သယ်ယူပို့ဆောင်ရေးစနစ်ကို အားပေးကူညီခြင်း၊ ကားရေဆေးခြင်း၊
ပန်းပင်ရေလောင်း ခြင်း၊ ရှားပါးသယ်ယူရသော ရေကိုသုံးစွဲရာတွင် စနစ်ကျအောင်
ပညာပေးဆောင်ရွက်ခြင်း၊ ပြစ်ဒဏ် သတ်မှတ်ပြီး လျှော့နည်းအောင်
ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ စွန့်ပစ်ရေများကို ပြန်
လည်ပြုပြင်မွမ်းမံပြီး သုံးခြင်းသည် ရေကောင်းရေသန့်ဖြစ်သော
ပိုက်မှလာသည့်ရေများဖြုန်းတီးမှုကို အထိုက်အလျောက် ကာကွယ်ပေးပါသည်။
စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ယင်းတို့ကို အသုံးပြု တတ်ပါက ကုန်ကြမ်းများ
ဖြစ်လာနိုင်ပါသည်။ ကုန်ကြမ်းမှ လိုအပ်သလို ပြုပြင်စီရင်လိုက်လျှင် ကုန်
ချောဖြစ်ပြီး များစွာကျိုးရှိမှာဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများကို အစိုင်အခဲပြုလုပ်ပြီး
လယ်ယာစိုက်ပျိုး ရေးအပါအဝင် အခြားလိုအပ်သောနေရာများတွင် အသုံးပြုလျှင်
စွန့်ပစ်ပစ္စည်းများပြားမှုကို လျော့ပါး စေလာမှာဖြစ်ပါသည်။

နည်းပညာပဲလိုမှာဖြစ်ပါသည်။ မဖြစ်မနေ ကြိုးစားဆောင်ရွက်လျှင် ရရှိမည်ဟု ယုံကြည်ပါသည်။

စည်ပင်သာယာစီမံခန့်ခွဲမှုတွင် မြို့တော်နှင့်မြို့နယ်များတွင်ရှိသော သမိုင်းဝင်နေရာများ၊ ရှေး ဟောင်းစေတီဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများ၊ ယဉ်ကျေးမှုရှေးဟောင်းကျသောနေရာများ ကိုပါ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြောင်း သတိပြုရမှာဖြစ်ပါသည်။ ပန်းခြံ၊ ပန်းဥယျာဉ်နှင့် မြစ်ကမ်းနားတစ်လျှောက်များကို သန့်ရှင်သာယာလှပရေး၊ ဆောင်ရွက်ထားရမှာဖြစ်ပါသည်။ မြစ်ကမ်း နားတစ်လျှောက် အိမ်ရာများနှင့်လွတ်ရာနေရာများကို ကွန်ကရစ်လျှောက်လမ်း ဆောင်ရွက်နိုင်ပါက ဆောင်ရွက်ထားရမှာဖြစ်ပါသည်။ ကွန်ကရစ်လျှောက်လမ်းတစ်လျှောက်တွင် ထိုင်စရာနေရာများ ပြု လုပ်ထားပြီး နားနေအပန်းဖြေပြီး လေကောင်းလေသန့်များခံစားရန် ပြုလုပ်ထားရမှာဖြစ်ပါသည်။ မြစ် ကမ်းတစ်လျှောက်ကိုလည်း သန့်ရှင်းသာယာလှပစေပြီး ပြည်သူများစိတ်ချမ်းသာမှု၊ ကျန်းမာမှုကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါသည်။ တချို့ ရန်ကုန်မြို့ထဲပိုင်း မြစ်ကမ်းတစ်လျှောက် ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ နှောင် ဆောင်ရွက်နိုင်လျှင် သာကေတမြို့နယ်ရှိ ပဲခူးမြစ်ကမ်းနားများ၊ ဒဂုံမြို့သစ် (ဆိပ် ကမ်းမြို့ရှိ မြစ်ကမ်းနားများ၊ လှိုင်မြစ်ကမ်းနားများ၊ ရန်ကုန်မြစ်ကမ်းနားများတွင် ကွန်ကရစ်လျှောက် လမ်း၊ ကတ္တရာလျှောက်လမ်းများကို ပြုလုပ်ပေးပြီး ပြည်သူများအနားယူအပန်းဖြေနားနေ၊ ထိုင်နေရန် နှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ညနေပိုင်းတာဝန်ကျသော နေ ရပ်များတွင် ပဲခူးမြစ်တစ်လျှောက်ကပ်ပြီး ဖောက်လုပ်ထားသော ကွန်ကရစ်လမ်းပေါ်တွင် မြစ်၏ ရှုမျှော် ခင်းများကိုရပ်ကြည့်ရင်းလမ်းလျှောက်ရသည်မှာ စိမ်းချမ်းမြေ့သာယာမှု၊

စိတ်ချမ်းသာမှုကို ရရှိခဲ့ပါ သည်။ သမိုင်းဝင်အဆောက်အအုံများသည် လူနေရန်မသင့်လျော်ပါက ယဉ်ကျေးမှုအဖွဲ့အစည်းနေရာ များအဖြစ် ပြောင်းလဲပေးရမှာဖြစ်သည်။ ဟောင်းနွမ်းပြီးခေတ်မမီတော့သည့် ပတ်ဝန်းကျင်ဒေသများ၊ မြေနေရာများကို လူနေရန်အတွက် စီးပွားရေး၊ လူမှုရေး၊ အခြားလုပ်ငန်းများအတွက် ပြုပြင်ပြောင်းလဲ ပေးရမှာ ဖြစ်ပါသည်။ အချို့နေရာများကို ယာဉ်သွားလာခွင့်မပြုဘဲ နေထိုင်ရန်နှင့်စီးပွားရေးဆောင် ရွက်မှုပြုလုပ်ရန်အတွက်သာ ကန့်သတ်ဆောင်ရွက်သွားရမှာဖြစ်ပါသည်။ စည်ပင်သာယာ စီမံခန့်ခွဲမှု တွင် ဆောင်ရွက်ရမည့်လုပ်ငန်း ငါးခုရှိပါသည်။ ယင်းတို့မှာ မြေနေရာ၊ အခြေခံတည်ဆောက်မှုနှင့် လုပ် ငန်းဆောင်ရွက်မှုများ၊ သယ်ယူပို့ဆောင်မှုများ၊ ငွေကြေးဆိုင်ရာကိစ္စများနှင့် အဖွဲ့အစည်းဆိုင်ရာ စီမံ ခန့်ခွဲမှုများ ဖြစ်ပါသည်။

*

# မြေနေရာစီမံခန့်ခွဲမှု

မြေနေရာစီမံခန့်ခွဲရာတွင် ပင်မသွေးကြောသဖွယ် အရေးကြီးသောအချက်မှာ မြေရောင်းဝယ်မှု ဆိုင်ရာ ဈေးကွက်ကိစ္စဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး ဗဟုသုတရှိရေးပင် ဖြစ်ပါသည်။ ဗဟုသုတဆိုရာ တွင် မြေနေရာအကျယ်အဝန်း၊ တည်နေရာ၊ အမျိုးအစား၊ ဖွံ့ဖြိုးတိုးတက်မှု၏ တန်ဖိုးနှင့် အမျိုးအမည်၊ မြေယာလွှဲပြောင်းမှု၊ လက်ရှိမြေဈေးနှုန်း ပေါက်ဈေးစသည်များကို မျက်ခြည်မပြတ် သိရှိနေမှုပဲ ဖြစ်ပါ သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက မြေကွက်များရောင်းချရာ၌ သတင်းစာများ ထဲတွင် ကြော်ငြာပြီး မောင်းထုလေလံတင်ရောင်းခြင်း ပြုခဲ့ပါသည်။ သတ်မှတ်ထားသော ကြိုက်ဈေး၊ ကြမ်းခင်းဈေးရရှိမှသာ ရောင်းချသဖြင့် လက်ရှိပေါက်ဈေးကို ရရှိသည်ဟု ပြောနိုင်ပါသည်။ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နမိတ်အတွင်း ကော်မတီနှင့် သက်ဆိုင်သော မြေပိုင်ဆိုင် မှုအတွက် ဥပဒေပိုင်းဆိုင်ရာ ကင်းရှင်းမှုနှင့် အများပြည်သူဆိုင်ရာ ရှင်းလင်းလွယ်ကူမှုရှိစေရေးအတွက် အာမခံချက်ပေးနိုင်ရမှာ ဖြစ်ပါသည်။ မြေတိုင်းမြေပုံများတွင် ဖော်ပြထားခြင်းမရှိသော မြေနေရာများကို တိုက်ရိုက်တိုင်းတာပြီး စာရင်းပြုစုထားသင့်ပါသည်။ မြို့တော် မြို့နယ်အတွင်းရှိ အသုံးမပြုရသေးသော မြေများရှိနေပါသည်။ ထိုကဲ့သို့ မြေများမည်သည့်နေရာတွင် ရှိသည်။ လောလောဆယ် မည်ကဲ့သို့ အသုံးချနေသည်။ မြေကွက်လပ်ကို မည်သို့ အသုံးချ၍ ရသည်။ မြို့နယ် ရပ်ကွက်အလိုက် မှတ်တမ်း များထားရှိနိုင်ရန် စနစ်တကျ ကွင်းဆင်းစစ်ဆေး၍ စာရင်းကောက်ယူထားရပါမည်။ သို့မှသာ လိုအပ်

လျှင် အသုံးလိုလျှင် အဆင်ပြေစွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ မြေများနေရာများတွင် ကျူး ကျော်၍ တရားမဝင် နေထိုင်ခြင်း၊ ဆိုင်ဖွင့်လှစ်ရောင်းဝယ်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းများ ရှိတတ်၍ ဖြစ်ပါသည်။ မြေနေရာများကို စီမံခန့်ခွဲရာတွင် စနစ်တကျ လေ့လာသုံးသပ်ပြီး လူနေထိုင်မှု ရှိ မရှိ မြေခွန်ရရှိမှု ရှိ မရှိနှင့် ဖွံ့ဖြိုးတိုးတက်မှု ရှိ မရှိ စိစစ်ဆောင်ရွက်သွားရန် လိုအပ်ပါ သည်။ မြေအသုံးချရေးဆိုင်ရာ စီမံကိန်းများတွင် ပုံမှန်ဆောင်ရွက်မည့်လုပ်ငန်းများသာမက အစဉ်တိုး တက်အောင် ဆောင်ရွက်ရေးလိုအပ်ပါသည်။ မြေပေါ်တွင် နေထိုင်သူနှင့် ပိုင်ဆိုင်သည့် မြေအမျိုး အစားကို အတိအကျသိမှသာ မြေနေရာတစ်ခုကို လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါသည်။ မြေသိမ်းခြင်းနှင့် မြေသိမ်းခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများကြောင့် အခက်အခဲတချို့ ရှိနိုင်သည့်အတွက် ပုဂ္ဂလိက မြေပိုင်သူများအကြား ညီမျှမှု ရရှိ ရေးကိုလည်း သေချာစနစ်ကျအောင် ဆောင်ရွက်ပေးသင့်ပါသည်။ မြေနေရာ စီမံကိန်းချမှတ်သူများ သည် လူနေရပ်ကွက်များတွင် ငွေဝင်လမ်းရရနိုင်စေသည့် ဆောင်ရွက်မှုများပေါ်ပေါက်လာအောင် လုပ်ငန်းတစ်ခု စီမံကိန်းတစ်ခု သတ်မှတ်ဆောင်ရွက်ပေးရန် လွယ်ကူပြီး၊ အများပြည်သူ အကျိုးရှိရာကို ဆောင်ရွက်ပေးနိုင်ပါသည်။ ထိုမြေနေရာများတွင် လမ်းများ၊ အခြေခံတည်ဆောက်မှုများ၊ ကျန်းမာရေး လုပ်ငန်းများ၊ ပညာရေးကိစ္စများ၊ စာကြည့်တိုက်များ၊ အပန်းဖြေရန် ပန်းခြံ၊ အားကစားကွင်း၊ ကလေး ကစားကွင်းများ သင့်လျော်သလို ဆောင်ရွက်ပေးနိုင်ပါသည်။ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတချို့တွင် ရပ်ကွက်တိုင်း၏ လူစည်ကားသောနေရာတိုင်း၌ စာကြည့်တိုက် တစ်တိုက်ရှိကြောင်း သိရှိရပါသည်။ စာကြည့်တိုက်တွင်ရှိသော ပညာရပ်ဆိုင်ရာ၊ ဗဟုသုတဆိုင်ရာ စာအုပ်စာပေများကို ဖတ်ပြီး မိမိအကျိုး၊ အများအကျိုး၊ ကော်မတီအကျိုး၊ နိုင်ငံအကျိုးရှိရာကို ဆောင်ရွက်ရင်း နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါသည်။ အများပြည်သူများနှင့် သက်ဆိုင်သော လုပ်ငန်းများနှင့် စာချုပ်ချုပ်ဆိုပြီး

နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်နိုင်ပါသည်။ ကော်မတီတွင် ဝန်ထမ်းများ သက်သာချောင်ချိရေး ဆောင်ရွက်ပေးရန်အတွက် မြေနေရာများကို စာချုပ်ဖြင့် ငှားရမ်းပြီး ဆောင်ရွက်ပေးပါသည်။ ထို့အပြင် ယင်းမြေနေရာများတွင် အခြေခံလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသင့်ပါသည်။ တစ်ခုသတိပြုရမည့်အချက်မှာ မြေငှားစာချုပ် ချုပ်ဆို ရာတွင် နှစ်တိုတစ်နှစ်ချင်း ငှားရမ်းရေး စာချုပ် ချုပ်ရမည် ဖြစ်ပါသည်။ နှစ်ရှည်စာချုပ်ချုပ်ဆို မငှားရမ်းရန် ဖြစ်ပါသည်။ တစ်နှစ်ပြီးတစ်နှစ် ငှားရမ်းခများကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး ဆက်လက်ငှားရမ်း ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ပုဂ္ဂလိကပိုင်မြေယာများကို စီမံခန့်ခွဲသည့်အခါတွင် အများပြည်သူဆိုင်ရာကိစ္စများအတွက် စီမံ ကိန်းစနစ်နှင့် မြို့ပြဆိုင်ရာ မြေအခွန်ကောက်ခံခြင်းစနစ်တို့ကို ကျင့်သုံးကြပါသည်။ ပုဂ္ဂလိကပိုင် မြေ များ၏ စစ်မှန်သော အနေအထားကို ထည့်သွင်းစဉ်းစားပြီးမှ ဆောင်ရွက်ရမှာ ဖြစ်ပါသည်။ မြေယာ အများစုတွင် ဝင်ငွေနည်း လူတန်းစားများ နေထိုင်ကြပါသည်။ လူတစ်စုနေထိုင်ခြင်း သို့မဟုတ် အသုံး ပြုနေသော်လည်း ယင်းမြေမှာ ဥပဒေအရ မိရိုးဖလာ ဘိုးဘွားပိုင်မြေ ပိုင်ဆိုင်ခွင့်များ ဘာသာရေးဆိုင် ရာ မြေများ၊ နိုင်ငံတော်အစိုးပိုင်မြေများပဲ ဖြစ်ပါသည်။ တချို့စီးပွားရေးအဆက်အသွယ်ဖြစ်သော မြေရှင် မြေငှားဖြစ်ပြီး အခြားတစ်ဖက်တွင် မိရိုးဖလာမြေပိုင်ရှင်နှင့် အလုပ်သမား မြေငှားများ ဆက်ဆံ မှုကိစ္စများ ဖြစ်ပါသည်။ ယခုလို ကိစ္စများ ဆောင်ရွက်ရာတွင် ပြောင်းလဲမှုအမျိုးမျိုး ရှိနိုင်ပါသည်။ ဝင် ရောက်နေထိုင်သူသည် မြေပိုင်ရှင် မဟုတ်သော်လည်း ကျူးကျော်သူက တရားဝင် ပိုင်ဆိုင်ခွင့်ကို တနည်းနည်းဖြင့် ရယူခြင်းတို့ကြောင့် အပြောင်းအလဲများဖြစ်ပေါ်လာတတ်ပါသည်။ ယခုလို ကိစ္စမျိုး ကြုံတွေ့လာခဲ့လျှင် စနစ်တကျ လုပ်ထုံးလုပ်နည်းဖြင့် တရားနည်းလမ်းကျကျ ဆောင်ရွက်သွားရမှာ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်မြေယာများကို စီမံခန့်ခွဲရာတွင်

ဆင်းရဲသားမြေပိုင်ဆိုင်မှုကို မနစ်နာစေရေး အထူးသတိပြု ဆောင်ရွက်ရန်ဖြစ်ပါသည်။ အဆင့်မြင့်အိမ်ရာစီမံကိန်းများ တဲမှ တိုက် အိမ်ရာစီမံကိန်း များ၊ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုရရှိပြီး ခေတ်မီသန့်ရှင်းသာယာ သပ်ရပ်မှုများနှင့် နေထိုင်နေရ ပြီးဖြစ်သည်။ ယင်းကဲ့သို့ စီမံကိန်းများ ဆောင်ရွက်ရာတွင် မြေယာသည် နိုင်ငံတော်ပိုင် အဖွဲ့အစည်းပိုင်းဖြစ်၍ ဝင်ရောက်နေထိုင်သူများသည် ကျူးကျော်နေထိုင်းခြင်းဖြစ်ပါက နေထိုင်သူများအနေဖြင့် နစ်နာရန် အကြောင်းမရှိဘဲ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း အကျိုးကျေးဇူးကို ခံစားရမည်ဖြစ် ပါသည်။ စနစ်တကျ အကွက်ချ၍ မြေဂရန်၊ မြေချပါမစ်ပြုလုပ်၍ ပေးထားသော ရပ်ကွက်ရှိ အိမ်များကို အိမ်ရာစီမံကိန်းများ ဆောင်ရွက်ပါက မြေကွက်များတွင် အိမ်ရာတည်ဆောက်နေထိုင်ကြသူ ပုဂ္ဂလိက များ မနစ်နာရေး ညှိနှိုင်းဆောင်ရွက်ပေးပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကွန်ပျူတာနှင့် အိုင်တီ (Information Technology) နည်းပညာများ၊ တိုးတက်လာသဖြင့် ယင်းတို့ဖြင့် လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ပေးပါက အချိန်ကုန်သက်သာပြီး လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးမည်ဖြစ်ပါသည်။ မြေယာ မှတ်တမ်းများကို ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းသောလုပ်ငန်းကို နှစ်အတော် ကြာကပဲ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် ကွန်ပျူတာစနစ်ဖြင့် မြေယာမှတ် တမ်းများကို ပြုပြင်ပြောင်းလဲခဲ့ရာ အောင်မြင်နေကြောင်း ဈေးကွက်ဂျာနယ်တွင် ဆရာမောင်ပုဆိုးကြမ်း ၏ အိန္ဒိယအခြေခံလူတန်းစားများကို ကယ်တင်မည့် I.T နည်းပညာဆောင်းပါးတွင် တွေ့ရပါသည်။ မြေယာမှတ်တမ်းများကို စုစည်းပြီး ကွန်ပျူတာထဲတွင် ထားသိုခြင်းဖြင့် မြေယာပြုပြင်ရေးကို စတင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ မြေယာနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အတိအကျရရှိလာနိုင်သဖြင့် စီးပွားရေးလုပ်ငန်းများအတွက် အသုံးကျလာကြောင်း သိရှိရပါသည်။ မြေယာမှတ်တမ်းများကို ကွန်ပျူတာထဲတွင် သိမ်းဆည်းထားသဖြင့် မြေပိုင်၊

အိမ်ပိုင်ကြသော လုပ်သား ပြည်သူများသည် ငွေချေးလိုခြင်း၊ အိမ်ပြန်ဆောက်လိုခြင်း၊ အရောင်းအဝယ်ပြုလုပ်လိုခြင်း၊ မြေနှင့် အိမ်ကို သားသမီးများကို ပေးကမ်းလိုခြင်း၊ မြေကွက်ခွဲစိတ်ခြင်း၊ ဂရန်သက်တမ်းတိုးမြှင့်ခြင်း၊ မြေ အမည်ပြောင်းခြင်း စသည့်ကိစ္စများအတွက် မြေပုံ၊ မြေရာဇဝင် ကူးရာတွင် အချိန်တိုတိုနှင့် တန်ဖိုး နည်းပါးစွာဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ အိန္ဒိယတွင် ကျေးရွာနေ ပြည်သူများသည် မြေရာဇ ဝင် မိတ္တူကို မြို့သို့တက်ပြီး အချိန်တိုတိုအတွင်း အမေရိကန် ငွေဆင့် (၃၀) လောက်ဖြင့် အလွယ် တကူရရှိနေသည်ဟု သိရှိရပါသည်။ မြို့တော်နှင့် နယ်စည်ပင်အဖွဲ့များသည် ကွန်ပျူတာဖြင့် မြေယာ များကို စနစ်တကျ မှတ်တမ်းရေးသွင်းပြီး ဆောင်ရွက်သွားလျှင် စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာမည်။ မြို့တော်၊ မြို့နယ်၊ မြို့၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

*